# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ်(၀၉၃)


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

## ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့ နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် နှစ်သစ်ကူး နှုတ်ခွန်းဆက်အမှာစကား



(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)

**ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူ နိုင်ငံသား မိဘပြည်သူများခင်ဗျား-**

နှစ်သစ်မင်္ဂလာ အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်အတွက် အမျိုးသားအကျိုးစီးပွားများ ပေါ်ထွန်းလာစေဖို့ မပြတ်သောသတိ မလျော့သောဝီရိယတို့ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးအပ်ပါတယ်။ ယခုမှသည် နောင်လာမယ့်နှစ်များအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ ကဏ္ဍများမှာ အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာမယ်ဆိုတဲ့အကြောင်း သတင်းကောင်းပါးအပ်ပါတယ်။

မိမိတို့နိုင်ငံရဲ့အနာဂတ် ငြိမ်းချမ်းသာယာအောင်၊ နိုင်ငံသူ နိုင်ငံသားများရဲ့ဘဝ ချမ်းမြေ့ပျော်ရွှင်အောင် နိုင်ငံတော်အစိုးရအနေနဲ့ ကောင်းမွန်တဲ့ ရည်မှန်းချက် ဦးတည်ချက်များကို ကြိုးပမ်းပုံဖော်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှာ တွေ့ကြုံရင်ဆိုင်နေရတဲ့ အခက်အခဲ အကျပ်အတည်းများကိုလည်း အမှန်တရားနဲ့ တရားမျှတမှုကို လက်ကိုင်ထားပြီး ဖြေရှင်းခြင်းဖြင့် ကျော်လွှားလွန်မြောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

မိဘပြည်သူများအနေနဲ့လည်း နိုင်ငံတော်အစိုးရရဲ့ ပြည်ထောင်စုကြီးငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး စတဲ့လုပ်ငန်းစဉ်များအပေါ် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါတယ်။

မိဘပြည်သူများအားလုံး ကောင်းကျိုးမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ဒီမိုကရေစီဖက်ဒရယ် ရှေ့ခရီးကို ဆက်လက်တက်ကြွစွာ ပါဝင်နိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်ခင်ဗျာ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြောကြားသည့် ၂၀၁၉ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်အမှာစကား

**တိုင်းရင်းသားပြည်သူ အပေါင်းတို့ ခင်ဗျား-**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး ၂၀၁၉ ခုနှစ်၊ နှစ်သစ်အခါသမယမှာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။



နှစ်သစ်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တနေတဲ့ ငြိမ်းချမ်းရေးနဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးတို့ကို အမြန်ဆုံးရရှိပြီး ပြည်သူတွေရဲ့ လူမှုစီးပွားဘဝများ အဘက်ဘက်က မြင့်မားတိုးတက်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

တိုင်းရင်းသား ပြည်သူများအားလုံး နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြားသည့် ၂၀၁၉ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်အမှာစကား

**ချစ်ခင်လေးစား အပ်ပါသော ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကို မောင်နှမများ ခင်ဗျား-**

၂၀၁၉ ခုနှစ်ရဲ့ နှစ်သစ်ကူး အခါသမယမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသူ နိုင်ငံသားများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပြီး ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။



၂၀၁၈ ခုနှစ် နှစ်ဟောင်းကုန်ဆုံးပြီး ၂၀၁၉ ခုနှစ် နှစ်သစ်ကို စတင်ရောက်ရှိချိန်မှာ တိုင်းရင်းသား မိဘ ညီအစ်ကို မောင်နှမများအားလုံး မျှော်လင့်တောင့်တတဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် အရေးပါတဲ့ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေး၊ ပြည်သူများရဲ့ လူမှုစီးပွားဘဝ ပိုမိုတိုးတက်


စာမျက်နှာ ၃ ကော်လံ ၁ ✤


## လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းနှင့် သတင်းစာဆရာတစ်ဦး၏ တွေ့ကြုံမှုများ

တွေ့ဆုံမေးမြန်း


စာမျက်နှာ » ၈



**ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုး ကူညီအားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာသမားများနှင့်မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူမိဘပြည်သူများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး ၂၀၁၉ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွား ဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး